ပန်ဟုတ်ကျေးရွာ
ကျောက်မဲမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၆)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်ဟုတ်ကျေးရွာ၊ ကျောက်မဲမြို့နယ်

**(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

**၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ လ**

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| ၁။ | စကားချီး | ၃ |
| ၂။ | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| ၃။ | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| ၄။ | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| | | |
| | အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၈ |
| ၄။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၈ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ |
| | **(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု** | ၁၀ |
| ၆။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၇။ | ပညာရေး | ၁၁ |
| ၈။ | ကျန်းမာရေး | ၁၁ |
| ၉။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၂ |
| ၁၁။ | **ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး** | ၁၂ |
| ၁၂။ | **ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး** | ၁၂ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၂ |
| | အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၄ |

| နောက်ဆက်တွဲ | | |
|---|---|---|
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၇ |


**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင် ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု

အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင် ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဖေဖော်ဝါရီ လ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပန်ဟုတ်ကျေးရွာ
ကျောက်မဲမြို့နယ်

## ကျောက်မဲမြို့နယ်၊ ပန်ဟုတ် ကျေးရွာ သယံဇာတပြမြေပုံ



## ကျောက်မဲမြို့နယ်၊ပန်ဟုတ်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



## ကျောက်မဲမြို့နယ်၊ ပန်ဟုတ် ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**ပန်ဟုတ် ကျေးရွာသည်** ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်၏ နားခေါ် **ကျေးရွာအုပ်စု**တွင် တည်ရှိပါသည်။ ပန်ဟတ်ကျေးရွာသည် လားရှိုး-မန္တလေး အဝေးပြေး လမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး အလွန်ကောင်းမွန်ပါသည်။ ကျေးရွာချင်း ဆက်လမ်းများအနေဖြင့် အရှေ့ဘက် (၁)မိုင်ခန့်အကွာတွင် ဗူးခါးကျေးရွာ ၊ အနောက်ဘက် (၂)မိုင်ခန့် အကွာတွင် ချောင်းချောက်ကျေးရွာများရှိပြီး တောင်ဘက် နှင့် မြောက်ဘက်တွင် အခြားကျေးရွာများ မရှိဘဲ တောတောင် များသာ ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ ပူအိုက်စွတ်စိုသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေ ဧရိယာမှာ လယ်မြေ/တောင်ယာမြေ (၃၈၄)ဧကရှိပါသည်။ များသော အားဖြင့် မေလတွင် မိုးစတင် ပြီး အောက်တိုဘာလတွင် မိုးကုန်ပါသည်။ ဇူလိုင်လတွင် မိုးအများဆုံး ရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှ (၇၀ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျှမ်းမျှ အမြင့်ဆုံး အပူချိန် (၂၈.၈၀) ဒီဂရီ အနိမ့်ဆုံးအပူချိန် (၃၀.၀၀) ဒီဂရီစင်တီဂရိတ်ရှိပါသည်။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

**ပန်ဟုတ်** ကျေးရွာတွင် အိမ်ခြေ (၃၀) ရှိပြီး လူဦးရေစုစုပေါင်း (၁၁၇)ဦး ရှိသည့် အနက် အလုပ်လုပ်ကိုင်နိုင်သည့်လူဦးရေ (၈၂)ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၇၀%) ရှိခြင်း၊ ပညာသင် ကျောင်းသူ/ သားများ အနေဖြင့်လည်း (၁၅)ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၂%) ရှိခြင်း၊ အသက်ကြီးရွယ်အိုနှင့် (၅)နှစ်အောက် ကလေးငယ် များမှာလည်း (၂၀) ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၇%)ရှိပါသည်။ ကျေးရွာတွင် ကျေးရွာတွင် ရှမ်း လူမျိုးများ အများဆုံး နေထိုင်ကြပါပြီး ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ရာ အလုပ်လုပ်ကိုင်နိုင်သည့်လူဦးရေ များပြားခြင်းကြောင့် ကျေးလက်လူနေမှုဘဝ မြင့်တင်ရေးအတွက် အလားအလာကောင်းသော ကျေးရွာ ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည် ။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းအဖွဲ့အစည်း **(၅)**ဖွဲ့ ရှိပြီး အဖွဲ့အားလုံး၏ လုပ်ဆောင်ချက်များ အသင့်အတင့် ကောင်းမွန် ကြပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာအထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ကျေးရွာ၏ သာရေး/ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်နိုင်ရန်အတွက် ရပ်မိရပ်ဖများရပ်မိရပ်ဖ

အဖွဲ့များမှ ပညာရေး/ ဘာသာရေး၊ သာရေး၊ နာရေး၊ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများအား ဦးဆောင် ဦးရွက်ပြု၍ ရွာသူ/သား များအား စည်းလုံးညီညွတ်စွာလုပ်ကိုင်ဆောင်ရွက်နေကြသောကြောင့် စည်းလုံးမှု အားကောင်းသောကျေးရွာ ဖြစ်ပြီးကျန်းမာရေးနှင့်ပညာရေး အတွက်များလည်း ရပ်မိ ရပ်ဖ များက စည်းလုံးညီညွတ်စွာ ဆွေးနွေးတိုင်ပင် ဆောင်ရွက်ကြသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စပါးနှင့်ပြောင်းကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ ပြောင်း၏ တစ်ဧက အထွက်နှုန်းမှာ ပျှမ်းမျှအားဖြင့် (၁၉၀၀) ပိဿာ ရရှိပြီး ပြောင်းစိုက်သည့်ကာလမှာ (၅/၆) လကြာမြင့်ပါသည်။ အထွက်နှုန်းတိုးစေရန်အတွက် သွင်းအားစုများကိုလည်း အသင့် အတင့် သုံးစွဲရကြောင်းတွေ့ရှိရပါသည်။ စပါးကိုလည်း ဝမ်းစာဖူလုံရေးအတွက်သာ တစ်ပိုင် တစ်နိုင် စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။ မြေပဲ ကိုလည်း မိမိအိမ်သုံး အတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်းနှင့် နေကြာကိုမူ စာသုံးဆီအတွက် စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေအတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးကြပါသည်။ ကျေးရွာသည် ပုံမှန်အားဖြင့် ရာသီဥတု သင့်တင့်မျှတမှုရှိပြီး မိုးခေါင်မှု တစ်ခါတစ်ရံ သာ ကြုံတွေ့ ရတတ် ပါသည်။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အဓိက အားထားနေရသော ကြောင့် ရာသီဥတု မမှန်ကန်ပါက စိုက်ပျိုးရေအရင်းအမြစ် မရှိသောကြောင့် အခက်အခဲရှိ ပါသည်။

ကျေးရွာတွင် အဓိကအားဖြင့် ကိုယ်ပိုင်လက်တွန်းထွန်စက်များအား အသုံးပြုကြပြီး မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာအသုံးပြု၍စိုက်ပျိုးကြပါသည်။ တချို့အိမ်ထောင်စု များမှာလည်း ခိုင်းကျွဲ များကိုအသုံးပြု၍ လယ်ထွန်ရာတွင်အသုံးလျက်ရှိပြီး အခြား စက်များ အသုံးပြုရန်လိုအပ်ပါက အခြားကျေးရွာမှ အခကြေး ငွေပေး၍ ငှားရမ်း သုံးစွဲကြကြောင်း တွေ့ရှိရပါသည်။

ကျောက်မဲမြို့နှင့် (၅) မိုင်ခန့်သာ ကွာဝေးသောကြောင့် ကျောက်မဲမြို့ပေါ်တွင် ကုန် ပစ္စည်း များဝယ်ယူခြင်း၊ ရောင်းချခြင်း တို့ကို ပြုလုပ်နိုင်ပါသည်။ ကျောက်မဲ-မန္တလေး လမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် ကား/ထော်လာဂျီ၊ ဆိုင်ကယ်များနှင့် သုံးဘီး

ဆိုင်ကယ်များဖြင့် သယ်ယူပို့ဆောင်မှုပြုနိုင်သည်။ ထို့ကြောင့် ကျေးရွာရှိ အများစုသော အိမ်ထောင်စုများသည် ကိုယ်ပိုင်ဆိုင်ကယ်များကို ဝယ်ယူသုံးစွဲကြသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားကာ စိုက်ပျိုးကြပြီး အဆင်ပြေသော အိမ်ထောင်စုများက နွားနှင့် ကျွဲ တို့ကို ထွန်ယက်စိုက်ပျိုးရေးတွင် အသုံးပြုရန် နှင့် တခြားလုပ်ငန်းတွင် ခိုင်းစေရန်အတွက် မွေးမြူကြပါသည်။ စိုက်ပျိုးရေးအပြင် ကြက်၊ ဝက် များကိုလည်း တစ်နိုင်တစ်ပိုင် မွေးမြူကာ ရောင်းချလေ့ရှိသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသူရန်အတွက် လယ်ယာသားငါးထုတ်ကုန်မဟုတ်တော အခြားဒေသထွက်ကုန် များကို ရောင်းချရန်ဈေးကွက်မရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သောပညာတစ်ခုခုကို ကျွမ်းကျင်စွာတတ်မြောက်ခြင်း မရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို သာအဓိက လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ပြင်ပအဖွဲ့အစည်းများ အနေဖြင့် ဝုန်းမေတ္တာ အဖွဲ့အစည်းမှ ငွေချေးပေးမှု ရှိပါသည်။ ကျေးရွာတွင် အစုအဖွဲ့ အလိုက် ငွေစုငွေချေး အစီအစဉ်ဖြင့်လည်း (၂-၅)ကျပ်တိုးနှုန်းဖြင့် ချေးငွေ ချေးယူကြရပြီး စိုက်ပျိုးသီးနှံများ ရောင်းချပြီး သည့်အချိန်မှသာ အတိုးအရင်းများကို တစ်ပေါင်းတည်း ပေးဆပ် ကြရပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်းလမ်းသည် မြေလမ်းဖြစ်၍ အရည်အသွေးကောင်းမွန်ပြီး တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်း မိုးရာသီတွင် အချို့နေရာများ၌ သွားလာရခက်ခဲပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ အများအားဖြင့် ကျောက်ချောလမ်းများ ဖြစ်ပါသည်။ ကျေးရွာတွင် မြစ်၊ချောင်း၊အင်းအိုင်များမရှိသောကျေးရွာဖြစ်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေး တွင် ရေကြောင်းယာဉ်များ အသုံးပြုမှုမရှိခြင်း၊ ကုန်ကြောင်းယာဉ်များ အသုံးပြု ရာ တွင်

မော်တော်ဆိုင်ကယ်၊ များသာ အသုံးပြုကြပြီး ၊ လုပ်ငန်းဆောင်ရွက်ရန်အတွက် ထော်လာဂျီများနှင့် အဆင်ပြေသော အိမ်ထောင်စုများတွင် ကား ပိုင်ဆိုင်မှု အနည်းငယ်ရှိကြ ကြောင်းနှင့် ပန်ဟုတ် ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင်မဟာဓါတ်အားလိုင်း အသုံးပြုနိုင် သော်လည်း ်အဝေးပြေးလမ်းမကြီးနံဘေးရှိ အိမ်ထောင်စု(၁၁)စုခန့်သာ အသုံးပြုနိုင်ပြီး ကျန် အတွင်းပိုင်းရှိအိမ်ထောင်စုများမှာ အသုံးမပြုနိုင်သဖြင့် ဓါတ်အားလိုင်း တိုးချဲ့ဆောင်ရွက်နိုင်ပါက အိမ်ထောင်စု အားလုံး အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ဓါတ်အား လိုင်း အသုံးမပြုနိုင်သော အိမ်ထောင်စု (၁၉) စုခန့်မှာ ဆိုလာ စနစ်ကိုအသုံးပြုသူ ကြပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာမှ (၃)မိုင်ခန့် အကွာ နောင်ပိန်ကျေးရွာ (MPT) (ATOM)( Mytel ) စသည့် တာဝါ တိုင်များရှိသောကြောင့် ဆက်သွယ်ရေးကောင်းမွန်ပါသည်။

**၇။ ပညာရေး**

ကျေးရွာရှိ လူဦးရေ၏ (၂၄%) သည် စာမတတ်သည့်လူဦးရေများဖြစ်ပြီး အများစုသည် သက်ကြီးရွယ်အိုများသာဖြစ်ကြပါသည်။ ကျေးရွာတွင် မူလတန်းအဆင့်တက်မြောက်သည့် ဦးရေ စုစုပေါင်း (၄၉) ဦး၊ အလယ်တန်းအဆင့်တက်မြောက်သည့် ဦးရေ စုစုပေါင်း (၂၈)ဦး ၊ အထက်တန်းအဆင့် တက်မြောက်သည့် လူဦးရေ (၅)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းသား/သူများသည် ရွာမှ (၁) မိုင်ခန့် ကွာဝေးသာ ဗူးခါး ကျေးရွာတွင် မူလတန်းကျောင်းတွင် ပညာသင်ယူကြပြီး မူလတန်းအဆင့်အောင်မြင်သွားပါက အလယ်တန်းအဆင့် နှင့် အထက်တန်းအဆင့်ကို ကျောက်မဲမြို့ပေါ်တွင် တက်ရောက်ကြပါသည်။ အချို့မပြေလည်သောမိသားစုများ အနေဖြင့် လည်း မိသားစုဝင်ငွေနည်းပါးခြင်းနှင့် မိသားစု လုပ်ငန်းများကိုလုပ်ကိုင်မည့်လူ မရှိခြင်းတို့ကြောင့် ပညာဆက်လက် မသင်ကြားတော့ဘဲ မူလတန်းအဆင့် ကျောင်းထွက်ကာ မိသားစု၏ စိုက်ပျိုးရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးရွာတွင် လက်ရှိကျောင်းသူ/သားဦးရေ စုစုပေါင်း (၁၅) ဦး ပညာသင်ကြားလျှက်ရှိပါသည်။ ကျေးရွာမှ (၁) မိုင်ခန့်ကွာဝေးသော ဗူးခါးရွာတွင် မူလတန်းတက်ရောက်ပြီး မူလတန်းပြီးပါက အလယ်တန်းအဆင့် နှင့် အထက်တန်းအဆင့်အား ကျေးရွာမှ (၅) မိုင်ခန့် ကွာဝေးသော ကျောက်မဲမြို့ပေါ်တွင် သွားရောက် တက်ရောက်ကြပါသည်။

## ၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသောကြောင့် ရွာနှင့် (၅) မိုင် ခန့်ဝေးသည့် ကျောက်မဲမြို့ပေါ်ရှိ အထွေထွေရောဂါကုဆေးခန်းများ၊ သားဖွားမီးယပ်ဆေးခန်းများနှင့် ပြည်သူ့ဆေးရုံကြီး ကျန်းမာရေးကုသမှုများနှင့်ကာကွယ်ဆေးများ သွားရောက်ထိုးနှံကြပါသည်။ ကျန်းမာရေးဌာနမှ ဆရာ/ ဆရာမ ဝန်ထမ်းများမှလည်း အလျဉ်းသင့်သလို ကာကွယ်ဆေးလာရောက် ထိုးနှံပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောက်မဲဆေးရုံတွင် အခန်း၊ကုတင်လုံလုံလောက်လောက် ရှိပြီး မြို့တွင်းရှိ ဆေးဆိုင်များတွင်လည်း ဆေးဝါး အထောက်အပံ့များ အလွယ်တကူဝယ်ယူ ရရှိနိုင်ပြီး ဆေးဝါးများကို စနစ်တကျ သိုလှောင် သိမ်းဆည်းမှုများရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် ဓါတုဓါတ်မြေဩဇာများအား သုံးစွဲရမှုကြောင့် မြေဆီမြေဩဇာ ပျက်စီးမှုများ အနည်းငယ်ရှိနိုင်ပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် အပင်မျိုးစိတ် များနှင့် အခြား တိရစ္ဆာန်မျိုးကွဲများနှင့် ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုများ အနည်းငယ်ရှိနိုင်ပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအနေဖြင့် ကျေးရွာရှိ မိမိသုံးစွဲပြီးသော အမှိုက်များအား မိမိအိမ်တွင်း၌သာ ကျင်းတူး၍ တစ်ပတ်တစ်ကြိမ်ကိုယ်တိုင်မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ကြသည်။

## ၁၀။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်းရှိ အမျိုးသမီးများသည် ရှေးရိုးစွဲအယူအဆများနှင့် လမ်းခရီးသွားလာရခက်ခဲသော ကြောင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာများတွင် ပါဝင်ခေါင်းဆောင်မှုများမရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်မူ အမျိုးသမီးများသည် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများရှိပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာသည် စည်းလုံးညီညွတ်မှုရှိသောကြောင့် သာရေး/နာရေးကိစ္စရပ်များ၊ လူမှုရေးလုပ်ငန်းများ နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေး တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ရိုးရာဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုအမွေအနှစ် များ ထိန်းသိမ်း စောင့်ရှောက်မှုအနေဖြင့် နွေရာသီတွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုများအား နှစ်စဉ် သင်ကြားပို့ချပေးလျက် ရှိပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

သဘာဝဘေးအန္တရာယ်လျော့ချရေးအနေဖြင့် ကျေးရွာတွင်း ဆောင်ရွက်ထားမှု အစီအစဉ် မရှိသေး ပါ။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေး သုံးစွဲမှု၊ အကြမ်း ဖက်မှုများမရှိပါ။

**၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁ | √ | | | | |
| ၂ | လျှပ်စစ်မီးလိုင်းတိုးချဲ့ခြင်း (Transformer) | ၂ | | √ | | | |
| ၃ | လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးခြင်း | ၃ | | | √ | | |
| ၄ | သွင်းအားစုများထောက်ပံ့ပေးခြင်း | ၄ | | | | √ | |
| ၅ | အတိုးနှုန်းသက်သာသည့် ချေးငွေစီမံကိန်းထောက်ပံ့ပေးခြင်း | ၅ | | | | | √ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**ပုံစံ (၁)**

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)**

| | |
|---|---|
| ကျေးရွာ | – ပန်ဟုတ် |
| ကျေးရွာအုပ်စု | – နားခေါ် |
| မြို့နယ် | – ကျောက်မဲ |
| တိုင်းဒေသကြီး/ပြည်နယ် | – ရှမ်းပြည်နယ် (မြောက်ပိုင်း) |

| | |
|---|---|
| စီမံချက်အမည် – ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း(၂၇'x၁၈'x၁၂') | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ** | |
| ကျွန်တော်တို့ကျေးရွာတွင် အိမ်ခြေ (၄၂) အိမ်ရှိပြီး လူဦးရေ ကျား (၇၈) ၊ မ (၉၁) ဦးစုစုပေါင်း (၁၆၉) ဦး နေထိုင်လျှက်ရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးများ၊ အခမ်းအနားများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ရန် အတွက် ဘက်စုံသုံးခန်းမတည်ဆောက်ရန်လိုအပ်သော်လည်း ကျေးရွာလူထုမှာလည်း စီးပွားရေးကြပ်တည်းမှုကြောင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် (၁၈.၆.၂၀၂၂) ရက်နေ့တွင် ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်၍ ကျေးရွာပိုင်မြေနေရာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ရန် အများသဘော တူညီချက်ဖြင့် ဆုံးဖြတ်ခဲ့ကြပါသည်။ ၎င်းခန်းမ၏ အကျယ်အဝန်းမှာ (၂၇'x၁၈'x၁၂') ရှိပါသည်။ အဆိုပါလုပ်ငန်း အတွက် ကုန်ကျစရိတ်မှာ (၁၀.၄၅) သန်းကုန်ကျမည်ဖြစ်၍ ကျေးရွာလူထုမှ လုပ်အား+ပစ္စည်းတန်ဖိုး (၀.၄၅) သန်းအတွက် ထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သော ကျပ်သန်း (၁၀) အား ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးပါရန် ရိုသေလေးစားစွာ တင်ပြတောင်းခံအပ်ပါသည်။ | |
| **စီမံချက်၏ ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်** | |
| – သာရေး/နာရေး၊ အခမ်းအနားများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်<br>– ရွာသူ/သားများအားလုံး သက်သောင့်သက်သာစွာ အစည်းအဝေးကျင်းပနိုင်စေရန် | |
| **မျှော်မှန်းအကျိုးရလာဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီး နောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)** | |
| – ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများလည်း စုပေါင်းဆောင်ရွက်မှု ကောင်းမွန်လာမည်။<br>– ရွာသူ/သားများအားလုံး စည်းလုံးညီညွတ်လာနိုင်မည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်)** | |
| – လုပ်ငန်းခန့်မှန်းခြေတွက်ချက်မှုစာရင်း ပူးတွဲဖော်ပြပါမည်။ | |
| **ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ်** | **ထည့်ဝင်မည့်အစီအစဉ်** |
| • (၁၀၀) သိန်း (ငွေသား) | • ကျေးလက်ဦးစီး |
| • xxxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • (၄.၅) သိန်း (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

**နောက်ဆက်တွဲ**

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| | | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကျေးရွာအဆင့် | ၄၉ | ၆၈ | ၁၁၇ | ၅ | ၁၈ | ၅ | ၂ | ၃၀ |
| အကျိုးခံစားမည့်ဦးရေ | ၄၉ | ၆၈ | ၁၁၇ | ၅ | ၁၈ | ၅ | ၂ | ၃၀ |
| မှတ်ချက်။ အဆင်ပြေအဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ မပြေလည်- ၃၊ အလွန်မပြေလည် - ၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ/သားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားပါမည်။

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၅.၈.၂၀၂၂

(၃) စီမံချက်ပြီးစီးအမည့်အချိန် - ၉.၁၁.၂၀၂၂

(၄) **ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**

- ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်အားတန်ဖိုးငွေ (၀.၄၅)သန်း ပြည့်မီအောင် ကျေးရွာရှိ အိမ်ထောင်စု (၃၀)မှ လုပ်အားထည့်ဝင်ဆောင်ရွက်သွားပါမည်။

(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးပါက အသေးအဖွဲ့ပြုပြင်ခြင်းလုပ်ငန်းများကို ကျေးရွာမှ နှစ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြီးစားပြုပြင်ခြင်း (သို့) မမျှော်မှန်းနိုင်သော ဘေးအန္တရာယ် ကြောင့် ပြန်လည်ပြုပြင်လိုအပ်ပါက သက်ဆိုင်ရာဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက်သွား ပါမည်။

နောက်ဆက်တွဲ(၁)

## ပန်ဟုတ် ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုင်းလီ | ဦးသာဂရ | ၁၃/ ကမန (နိုင်)ဝ၁၈၉၅၆ | ၆၃ | ဥက္ကဋ္ဌ | 09–403760631 |
| ၂ | ဦးဝင်းအောင် | ဦးမောင်ဆိုင် | ၁၃/ ကမန (နိုင်)၁ဝ၈၈၂၈ | ၃၆ | အဖွဲ့ဝင် | |
| ၃ | ဒေါ်အေးနွယ် | ဦးအိုက်ထွန်း | ၁၃/ ကမန (နိုင်)ဝ၈၈၅၈၆ | ၄ဝ | အဖွဲ့ဝင် | 09–775836366 |
| ၄ | ဒေါ်နန်းသင်းသင်းအေး | ဦးလာဘ | ၁၃/ ကမန (နိုင်)၁၂ဝ၄၈၃ | ၃၁ | အဖွဲ့ဝင် | 09–5276449 |
| ၅ | ဒေါ်နန်းမွန်းအောင် | ဦးနန္ဒာ | ၁၃/ ကမန (နိုင်)၁၁၄၄ဝ၉ | ၃၁ | အဖွဲ့ဝင် | 09–444990859 |
| ၆ | ဒေါ်နန်းဆိုင်လီ | ဦးစိုင်းလှအောင် | ၁၃/ ကမန (နိုင်)၁၃၇၇၁၂ | ၂၂ | အဖွဲ့ဝင် | 09–978183527 |
| ၇ | ဦးဆန်နိမ်း | ဦးအာလောက | ၁၃/ ကမန (နိုင်)ဝ၄၉၂၅၃ | ၆၃ | အတွင်းရေးမှူး | 09–964791656 |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | - | - | - | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂ | ၄ | ၆ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂ | - | ၂ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅ | ၈ | ၁၃ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၂ | ၅၀ | ၈၂ | | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၆ | ၁၄ | | |
| **စုစုပေါင်း** | | **၄၉** | **၆၈** | **၁၁၇** | | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **(၃၀)** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)**
**နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)**
**နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)**
**နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)**
**နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅) နှစ်ပြည့်သည်မှအသက် (၆၅)**
**နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)**
**နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** **ပန်ဟုတ်** ကျေးရွာတွင် အိမ်ခြေ (၃၀) ရှိပြီး လူဦးရေစုစုပေါင်း (၁၁၇)ဦး ရှိသည့် အနက် အလုပ်လုပ်ကိုင်နိုင်သည့်လူဦးရေ (၈၂)ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၇၀%) ရှိခြင်း၊ ပညာသင် ကျောင်းသူ/ သားများ အနေဖြင့်လည်း (၁၅)ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၂%) ရှိခြင်း၊ အသက်ကြီးရွယ်အိုနှင့် (၅)နှစ်အောက် ကလေးငယ် များမှာလည်း (၂၀) ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၇%)ရှိပါသည်။ ကျေးရွာတွင် ရှမ်း လူမျိုးများ အများဆုံး နေထိုင် ကြပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅ | ၈၃ | ၅ | ၄၁ | ၄၂ | - | မြင့်☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၁ | ၂ | ၅ | ၆ | - | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၃ | **ငါးလုပ်ငန်း ( ရေချို/ ရေငန်ငါး/ ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာ<u>တစ်ခု</u> <u>ကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | မြင့်☐ လတ် ☐ နိမ့် ☑ |
| | **စုစုပေါင်း** | ၃၀ | ၉၄ | ၇ | ၄၆ | ၄၈ | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။** **"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့် သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်း တစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား / ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားဖြင့် လုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အိမ်ထောင်စု(၃၀) စု တွင် အိမ်ထောင်စု (၂၅) စုသည် ကိုယ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်ကြပါသည်။ အဆင်မပြေသာအိမ်ထောင်စု (၅)စု ခန့် သည် အခြားသူ၏ တောင်/ယာများ တွင် လုပ်သား အဖြစ်သွားရောက်လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးချိန်ကာလတွင် စိုက်ပျိုးရေးလုပ်ငန်း ကိုသာ လုပ်ကိုင်၍ စိုက်ပျိုးရာသီမဟုတ်သောချိန်တွင် အခြားဝင်ငွေရလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်သာ လုပ်ကိုင် ကြပါသည်။ ထို့ကြောင့် ပြောင်းသီးနှံဈေးနှုန်း ကျဆင်းပါက ကျေးရွာ၏ စီးပွားရေးအတွက် အခက်အခဲ အနည်းငယ်ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် တနေ့တာလုပ်ခနှုန်းထားများအနေဖြင့် အမျိုးသားများတွင် အများဆုံး ကျပ်(၈၀၀၀/-)၊ အနည်းဆုံး ကျပ် (၆၀၀၀/-)နှုန်းနှင့် အမျိုးသမီးများတွင် အများဆုံး ကျပ်(၆၀၀၀/-)၊ အနည်းဆုံး ကျပ် (၅၀၀၀/-)နှုန်းဖြင့်သတ်မှတ်ထားရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၂၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၆၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| စုစုပေါင်း | ၈၄ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့် လျာထား သတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကအားဖြင့် ယာမြေတွင်ပြောင်းစိုက်ပျိုးခြင်းဖြင့်သာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသည်။ တောင်ယာစပါး လယ်စပါးအနည်းငယ်ကိုသာ စိုက်ပျိုးကြပြီး ပြောင်းသီးနှံရိတ်သိမ်းပြီးစီးချိန်များတွင် ၎င်းယာမြေပေါ်တွင် ပန်းနှမ်း၊ ဆီမုန့်ညှင်း၊ ဂျုံ အနည်းငယ်ကိုလည်းစိုက်ပျိုးလေ့ရှိကြ ပါသည်။ တောင်ယာ မြေဧကပေါင်း (၆၃)ဧက နှင့် လယ်(၂၁) ဧကရှိပါသည်။

**(ဂ–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွှားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။။** ။ ကျေးရွာတွင် ကျောက်၊သဲ၊ကျောက်စရစ်စသည်များ စသည်များ အနည်းငယ်ရှိသော်လည်း အသုံးပြုနိုင်ခြင်းမရှိပါ။ အခြားသဘာဝ အပင်မျိုးစိတ် များ အနည်းငယ်ရှိ၍ လိုအပ်သည့်အခါ မိရိုးဖလာနှင့် ရှေးဦးသူနာပြု နည်းလမ်းများဖြင့် အသုံးပြု လျက် ရှိကြောင်းတွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း သို့ မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅ | ၁၈ | ၅ | ၂ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၃၀) စုတွင် အဆင်ပြေသော အိမ်ထောင်စု (၅) စုရှိပြီး မြေယာပိုင်ဆိုင်မှုများပြီး အုတ်သွပ်မိုးအိမ် များဖြင့် လယ်ယာသုံးထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၈) စုမှာ အုတ်သွပ်မိုးအိမ်တွင် နေထိုင်၍ ဆိုင်ကယ်နှင့် လက်တွန်းထွန်စက်အချို့သာ ပိုင်ဆိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၅) မှာ ထရံကာသွပ်မိုး အိမ်ဖြင့်သာ နေထိုင်ကြရသည်။ အခြားပိုင်ဆိုင်မှုအနေဖြင့် ဆိုင်ကယ်သာ ပိုင်ဆိုင်ထားရှိပြီး လယ်ယာသုံး ပစ္စည်းကိရိယာများ မပိုင်ဆိုင်ကြပါ။ ကျေးရွာတွင် အလွန်မပြေလည်သော အိမ်ထောင်စု (၂)စုရှိပြီး တဲအိမ်ဖြင့်သာ နေထိုင်ကြရသည်။ စားဝတ်နေရေးအတွက် တခါတရံ နေ့စားကျပန်းလုပ်သား များအဖြစ်သာ အသက်မွေး ကြရသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၀ | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၀ | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၀ | ၀ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

ရင်းမြစ်……ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | – | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော မိသားစုများ မရှိပါ။

(င–၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | ✓ |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | လျှော | ✓ | | | | | ✓ |
| ၈ | အပူလှိုင်း | ✓ | | | | | ✓ |
